# လူထုဗဟိုပြုစီမံကိန်း

## လုပ်ငန်းလည်ပတ်ရေးနှင့်
## ပြုပြင်ထိန်းသိမ်းရေး

ကျေးလက်လူထု အခြေပြု၊ ဖွံ့ဖြိုးမှုကို တို့ရေးရှု

# လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေး

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းအကောင်အထည်ဖော်မှုကာလ လေးနှစ် ပြည့်မြောက်ပြီးသည့်အချိန်တွင် မိမိတို့ဆောင်ရွက်ထားရှိခဲ့သော စီမံကိန်းလုပ်ဆောင်မှုရလဒ်များအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကို စဉ်ဆက်မပြတ် ဆက်လက်လုပ်ဆောင်သွားနိုင်ရန် လိုအပ်ပါသည်။ ပြုပြင်ထိန်းသိမ်းမှုမရှိလျှင် ဆောင်ရွက်ထားခဲ့သော စီမံကိန်းလုပ်ငန်းများ၏ ရလဒ်များ ဆုံးရှုံးသွားနိုင်သည်။ ဥပမာ ဆောင်ရွက်ပြီးသော အခြေခံအဆောက်အဦးများကို ထိန်းသိမ်းမှုအားနည်းပါက အချိန်မတန်မီ ပျက်စီးသွားနိုင်သည်။ ထိုနည်းတူပင် လမ်းတစ်လမ်း ပေါက်ပြဲလာပါက အချိန်မီ ဖာထေးပေးရန်လိုသည်။ သို့မဟုတ်ပါက တစ်လမ်းလုံး ပျက်စီးသွားသည်အထိ ဖြစ်သွားနိုင်သည်။

စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော အခြေခံအဆောက်အဦများ ပျက်စီးသွားနိုင်သည်သာမက လူတို့၏ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်သည်အထိ ကြုံတွေ့ရနိုင်သည်။ ဥပမာ လမ်းများ ပျက်စီးနေပါက ယာဉ်အန္တရာယ် ဖြစ်စေနိုင်သည်။ လျှပ်စစ်မီးသွယ်တန်းမှုများ ချို့ယွင်းလာမှုကို အချိန်မီ ပြုပြင်ထိန်းသိမ်းခြင်းမရှိပါက မီးဘေးအန္တရာယ်ရှိစေပြီး လူ၏အသက်ကို အန္တရာယ်ပြုသည်အထိ ဖြစ်လာနိုင်သည်။ ရေပေးဝေရေးလုပ်ငန်းများတွင် ပြုပြင် ထိန်းသိမ်းမှုအားနည်းပါက လူထု၏ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။

ထို့ကြောင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသည် စီမံကိန်းအကောင်အထည်ဖော်ရာတွင် မဖြစ်မနေ စဉ်ဆက်မပြတ် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်သည်။

# ရည်ရွယ်ချက်

လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များ လုပ်ဆောင်ရခြင်း အဓိက ရည်ရွယ်ချက် သုံးချက် ရှိပါသည်။ ပထမအချက်မှာ အကောင်အထည်ဖော်ထားသော စီမံကိန်း လုပ်ငန်းခွဲများ ရေရှည် တည်တံ့ခိုင်မြဲစေရန်ဖြစ်သည်။ ဆောင်ရွက်ခဲ့ပြီးသော စီမံကိန်းလုပ်ငန်းခွဲ (ဥပမာ ချောင်းကူးတံတား) ၏ ကြံ့ခိုင်မှုကို စဉ်ဆက်မပြတ် ပြုပြင်ထိန်းသိမ်းရာတွင် ပျက်စီး ချို့ယွင်းမှုများ ရှိပါက ပုံမှန် ထိန်းသိမ်းပြုပြင်ခြင်းဖြင့် အချိန်မီ ပြုပြင်နိုင်ပြီး ထိုသို့ပြုပြင်ထိန်းသိမ်း ခြင်းဖြင့် အကြီးစားပြင်ဆင်ရန် လိုအပ်သည်အထိ ဖြစ်မလာတော့ဘဲ ကုန်ကျစရိတ်ကို သက် သာစေပါသည်။ ထို့ပြင် အချိန်ကုန်လည်း သက်သာစေပါသည်။ အကျိုးအရှိဆုံးမှာ စဉ်ဆက် မပြတ် ထိန်းသိမ်းပြုပြင်ခြင်းဖြင့် စီမံကိန်းလုပ်ငန်းခွဲများ၏ ကြံ့ခိုင်မှု အပြည့်အဝ အမြဲရှိနေပြီး သားစဉ်မြေးဆက် အကျိုးခံစားရခြင်းပင် ဖြစ်သည်။

ရည်ရွယ်ချက် သုံးချက်အနက် ဒုတိယရည်ရွယ်ချက်မှာ ပိုင်ဆိုင်မှုဆိုင်ရာ အသိစိတ်ဓာတ် များ ဖြစ်ပေါ်လာစေခြင်း ဖြစ်သည်။ မိမိတို့ ဆောက်ခဲ့တဲ့တံတား၊ မိမိတို့ နေ့စဉ် သွားလာနေတဲ့ တံတား၊ မိမိတို့ကိုယ်တိုင် အမြဲ ပြုပြင်ထိန်းသိမ်းစောင့်ရှောက်နေသောတံတားဟု အမြဲ နလုံး သွင်းပြီး ကိုယ်ပိုင်ပစ္စည်းကဲ့သို့ တန်ဖိုးထားတတ်သောစိတ်များ ဖြစ်ပေါ်လာစေရန် လှုံ့ဆော် ချက် တစ်ခုလည်း ဖြစ်သည်။ မိမိတို့ နေ့တစ်ဂူ၀ ဖြတ်သန်းသွားလာနေသော စီမံကိန်းလုပ်ငန်းခွဲ များကို တန်ဖိုးထားခြင်းဖြင့် မိမိတို့တန်ဖိုးကိုလည်း မြှင့်တင်ရာ ရောက်စေသည်။

နောက်ဆုံးရည်ရွယ်ချက်မှာ ကျေးရွာလူထုအားလုံးက သဘောတူ ရွေးချယ်ခဲ့ကြသော စီမံကိန်းလုပ်ငန်းခွဲကို အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြပြီး ထိုအသီးအပွင့်ကို အားလုံးက တူညီမျှစွာ ခံစားခဲ့ကြပြီး ရေရှည်တည်တံ့အောင် ဆက်လက် တာဝန်ယူသွားကြရန်လည်း လိုအပ်သည်ဟူ သော တာဝန်ယူလိုစိတ်၊ တာဝန်ခံလိုစိတ်များ ဖြစ်ပေါ်စေရန် ဖြစ်သည်။

# စီမံချက်များရေးဆွဲခြင်း

လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များအတွက် လုပ်ငန်းစီမံချက်များကို စီမံကိန်းလုပ်ငန်းခွဲများ စတင် အကောင်အထည်ဖော်သည်နှင့် စတင်ရေးဆွဲကြရမည်ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲတစ်ခု ပြီးဆုံးသည့်အခါတိုင်း ထိုစီမံကိန်းလုပ်ငန်းခွဲကို နောက်ထပ် လေးနှစ်ကြာအထိ မည်သို့ ပြုပြင်ထိန်းသိမ်းမည်ကို စီမံချက်အဖြစ် ရေးဆွဲရန် ဖြစ်သည်။ ထိုသို့ ရေးဆွဲရာတွင် အကောင်အထည်ဖော်ထားသော စီမံကိန်းတွင် လိုအပ်လာမည့် အချက်များကို စာရင်းပြုစုရန် ဖြစ်သည်။ ဥပမာ အခြေခံအဆောက်အဦတစ်ခုတွင် မည်သည့် ချို့ယွင်းချက်များ ဖြစ်လာနိုင်သည်ဆိုသည့်အချက်ကို ပြုစုရန်ဖြစ်သည်။ ပြုစုပြီးသော အချက်အလက်များကို အခြေခံ၍ မည်သည့်အချိန်၊ မည်သည့်အခြေအနေမျိုးတွင် မည်သူက ဦးဆောင်မည်၊ မည်ကဲ့သို့ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ကြမည်၊ ပြုပြင်ထိန်းသိမ်းရန် လိုအပ်သော ရန်ပုံငွေကို မည်ကဲ့သို့ သုံးစွဲမည်၊ ထိုအခြေအနေမျိုးဖြစ်လာပါက သုံးစွဲရန် ရန်ပုံငွေကို ယခုကတည်းက မည်ကဲ့သို့ ရှာဖွေ စုဆောင်းထားကြမည် ဆိုသည့် အချက်များကို စီမံချက်ထဲတွင် ရေးသားပြုစုထားရန် လိုအပ်သည်။

ပုံ - ၁

ထို့ပြင် ယခင်နှစ်များက ဆောင်ရွက်ခဲ့ပြီးသော စီမံကိန်းလုပ်ငန်းခွဲများအတွက် ချမှတ်ခဲ့သောလုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များအကောင်အထည်ဖော်နိုင်မှုရှိ/မရှိနှင့် မည်မျှအကောင်အထည်ဖော်နိုင်ခဲ့သည်ကိုလည်း ပြန်လည်စစ်ဆေးရန် လိုအပ်သည်။ ပြန်လည်စစ်ဆေးရာတွင် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များ လွဲချော်မှု သို့မဟုတ် လိုအပ်မှုများ ရှိပါက ပြင်ဆင်၊ ဖြည့်စွက်၊ အသစ်ပြန်လည်ရေးဆွဲရမည်။ ထိုအချက်ကို လူထုဗဟိုပြုစီမံကိန်း ဝန်ထမ်းများ၊ ကျေးရွာ လည်ပတ်ပြုပြင်ထိန်းသိမ်းရေးကော်မတီဝင်များနှင့် အခြားကော်မတီများက တာဝန်ယူရမည် ဖြစ်သည်။

စီမံကိန်းကာလ လေးနှစ်အပြည့် အကောင်အထည်ဖော်ပြီးသော ကျေးရွာများအနေဖြင့် လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များကိုမိမိတို့အကောင်အထည်ဖော်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲများမှ စီမံကိန်းလုပ်ငန်းခွဲတစ်ခုချင်းစီအလိုက် ပြုပြင် ထိန်းသိမ်းရေး လုပ်ဆောင်ရမည့်အချက်များကို ထည့်သွင်းရေးဆွဲထားရန် လိုအပ်ပါသည်။

ပုံ - ၂

# စီမံချက်တွင် ပါဝင်ရမည့်အချက်များ

လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးစီမံချက်တွင် ပါဝင်ရမည့်အချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

က) လည်ပတ် ပြင်ထိန်းလုပ်ငန်းတွင် ဖြစ်ပေါ်လာနိုင်သည့် လုပ်ငန်း (လိုအပ်ချက်) များ

ခ) အဆိုပါလုပ်ငန်းများအတွက် ခန့်မှန်းကုန်ကျစရိတ် (အနည်းဆုံး ၄ နှစ်စာ)

ဂ) လည်ပတ် ပြင်ထိန်းလုပ်ငန်းတာဝန်များ ခွဲဝေမှု (ကျေးရွာ/မြို့နယ်နှင့် အစိုးရ)

ဃ) လည်ပတ် ပြင်ထိန်းလုပ်ငန်း ရန်ပုံငွေ (လှူဒါန်းထည့်ဝင်မှု/ဝန်ဆောင်ခ/စီမံကိန်းထောက်ပံ့ငွေနှင့် အခြား) ရှာဖွေစုဆောင်းခြင်း စသည်

င) လုပ်ငန်း (အလိုက်) အကောင်အထည်ဖော်မည့် အစီအစဉ်

ပုံ - ၃

# ကော်မတီဖွဲ့စည်းခြင်းနှင့်
# အဖွဲ့များ ချိတ်ဆက်ဆောင်ရွက်မှု

လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအဆင့် လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းလုပ်ဆောင်ရန် ဖြစ်သည်။ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီများ အပါအဝင် ရပ်ရွာလူထု ပါဝင်သော ကော်မတီကို ဖွဲ့စည်း ဆောင်ရွက်ရန် ဖြစ်သည်။

ကျေးရွာလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးကော်မတီကို ကျေးရွာစီမံကိန်း အထောက် အကူပြု ကော်မတီနှင့် ကျေးရွာအုပ်စု စီမံကိန်းအထောက်အကူပြုကော်မတီတို့က အနီးကပ် အပြန်အလှန် ကြီးကြပ်ပြီး မြို့နယ်အဆင့်နှင့် ကျေးလက်ဦးစီးတို့မှလည်း ကျေးရွာစီမံကိန်း လုပ်ငန်းခွဲများ၏ လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေး စီမံချက်များအတိုင်း မှန်ကန်စွာ ဆောင်ရွက်နေစေရန် ကြီးကြပ်ပေးနေမည် ဖြစ်သည်။

ပုံ -၄

# ပြုပြင်ထိန်းသိမ်းရေး လုပ်ရမည့်အချိန်

လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များကို စီမံကိန်းလုပ်ငန်းခွဲအလိုက် မည်သည့်အချိန်တွင် ဆောင်ရွက်ရမည် ဆိုသည့်ကိစ္စကို စီမံချက်တွင် တစ်ပါတည်း ဖော်ပြသွားရန် ဖြစ်သည်။ အောက်တွင် ဖော်ပြထားသည်မှာ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သည့်ကာလ အပိုင်းအခြားကို ယေဘုယျ ဖော်ပြ ထားပါသည်။ အပိုင်းအခြားအလိုက် ပြုပြင်ထိန်းသိမ်းခြင်း အမျိုးအစား ၄ မျိုး ရှိပါသည်။

က) **ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်း** - အနည်းဆုံး တစ်လတစ်ကြိမ် ပုံမှန်စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း (ဥပမာ ရေမြောင်းအတွင်း အမှိုက်များ ရှင်းလင်းခြင်း၊ လမ်းမျက်နှာပြင် ပြုပြင်ခြင်း၊ ရေကန်များ ဆေးကြောခြင်း)

ပုံ - ၅

ခ) **နှစ်စဉ်ပြုပြင်ထိန်းသိမ်းခြင်း** - တစ်နှစ်လျှင်တစ်ကြိမ် ပုံမှန် စစ်ဆေးပြုပြင် ထိန်းသိမ်းခြင်း (ဥပမာ - ပြတင်းပေါက်ဘောင်များ ဆေးသုတ်ခြင်း၊ ခေါင်မိုးများ ပြုပြင်ခြင်း၊ ရေပိုက်များ လဲလှယ်ခြင်း)

ပုံ - ၆

ဂ) **အရေးပေါ်ပြုပြင်ထိန်းသိမ်းခြင်း** - သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ၊ လူကြောင့်ဖြစ်စေ၊ မတော်တဆဖြစ်ပွားခြင်းကြောင့်ဖြစ်စေ ပျက်စီးယိုယွင်းသွားမှုများကို ပြုပြင်ထိန်းသိမ်းခြင်း (ဥပမာ - တံခါးပြတင်းပေါက်များ ကျိုးပဲ့ခြင်း၊ ရေပိုက်များ ပေါက်ကွဲခြင်း၊ လမ်းမီးတိုင်လဲကျခြင်း၊ အင်ဂျင်ပိုင်းဆိုင်ရာ ပျက်စီးခြင်း)

ဃ) **အသစ်ပြန်လည်တည်ဆောက်ခြင်း** - သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်စေ၊ လူကြောင့်ဖြစ်စေ၊ မတော်တဆ ဖြစ်ပွားခြင်းကြောင့်ဖြစ်စေ၊ တစ်ခါတစ်ရံ ပုံမှန်ပြုပြင်ထိန်းသိမ်းမှု မရှိခြင်းကြောင့်ဖြစ်စေ ပျက်စီးယိုယွင်းမှုများ ရှိပါက ပြန်လည်ပြုပြင်ထိန်းသိမ်းရန် မဖြစ်နိုင်တော့သည့် အခြေအနေတွင် အသစ် ပြန်လည်တည်ဆောက်ရန် ဖြစ်သည်။ ဤအခြေအနေမျိုး ဖြစ်ပေါ်လာပြီး ကျေးရွာလူထုအင်အားဖြင့် ဆောင်ရွက်နိုင်ခြေ မရှိပါက သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန် ဖြစ်သည်။

ပုံ - ၇

# ရန်ပုံငွေ ရှာဖွေခြင်း

လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များကို ဆောင်ရွက်ရာတွင် ရန်ပုံငွေ ပြည့်စုံ၊ လုံလောက်ရေးသည် အရေး ကြီးသော အချက် ဖြစ်ပါသည်။ ရန်ပုံငွေရှာဖွေခြင်း နည်းလမ်းများစွာ ရှိပါသည်။ သို့သော် ထိုကဲ့သို့ ရန်ပုံငွေ ရှာဖွေခြင်းနှင့်ပတ်သက်၍ ကျေးရွာလူထုအား ပွင့်လင်းမြင်သာစွာနှင့် အသေအချာ ရှင်းပြထားရန် လိုအပ်ပါသည်။ အထူးသဖြင့် ရပ်ရွာမှ ရန်ပုံငွေ ကောက်ယူမည်ဆိုပါက ထိုသို့ ရှင်းလင်းရန်မှာ ပို၍ အရေးကြီးပါသည်။ လုပ်ငန်းအကောင်အထည်ဖော်ရန် ရန်ပုံငွေရှာဖွေနည်းများ ရှိပါသည်။

က) **သက်ဆိုင်ရာ အစိုးရဌာနသို့ အကူအညီတောင်းခံခြင်း** - ကျေးလက်ဦးစီးဌာန အပါအဝင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းများအတွက် သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများထံသို့ တင်ပြ၍ အကူအညီတောင်းခံခြင်း။ အထူးသဖြင့် ကျေးရွာမှ ဆောင်ရွက်ရန် အဆင်မပြေသော အကြီးစားပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများထံသို့ အကူအညီတောင်းရန်ဖြစ်သည်။

ပုံ - ၈

မိမိတို့ ကျေးရွာရှိ စီမံကိန်းလုပ်ငန်းခွဲများနှင့် ဆက်စပ်နေသော အစိုးရဌာန၊ အကြမ်းဖျဉ်း ကုန်ကျမည့်စရိတ်၊ အမှန်တကယ် အရေးတကြီး လိုအပ်နေကြောင်း ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၏ ထောက်ခံချက်များဖြင့် ချိတ်ဆက် ဆောင်ရွက်ရန် ဖြစ်သည်။

ဂ) **အခြားဘဏ္ဍာရေး အရင်းအမြစ်** - တစ်ဦးချင်း လှူဒါန်းငွေများကို လက်ခံခြင်း။ မိမိတို့ ရပ်ရွာမှ တခြားဒေသများသို့ အခြေချ သွားရောက် အလုပ်လုပ်ကိုင်နေသူများနှင့် စီမံကိန်းနှင့် တိုက်ရိုက်မသက်ဆိုင်ဘဲ အခြားသော မြို့ပြ၊ ကျေးရွာများမှ စေတနာရှင်များ၏ လှူဒါန်းမှုများကို လက်ခံ ရယူရန် ဖြစ်သည်။

ပုံ - ၉

ဃ) **အသုံးပြုခကောက်ခံခြင်း** - စီမံကိန်းလုပ်ငန်းခွဲများတွင် အသုံးပြုခကောက်ခံခြင်း အတွက် အဆင်ပြေသော ရေ၊ မီး၊ တံတား၊ ခန်းမဆောင်စီမံကိန်းလုပ်ငန်းခွဲများ ရှိခဲ့ပါက အသုံးပြုခ၊ ဝန်ဆောင်ခနည်းလမ်းဖြင့် ရန်ပုံငွေ ရှာနိုင်သည်။ ထိုနည်းလမ်းကို အသုံးပြုလျှင် ရပ်ရွာမှ ငွေကောက်ခံမည့်အချိန်၊ ကောက်ခံမည့် ပမာဏ၊ ကောက်ခံမည့်သူ၊ စာရင်းရှင်းတမ်းထုတ်ပြန်မှု စသည်တို့ကို ဆုံးဖြတ်၍ မှတ်တမ်းတင်ထားရန် လိုအပ်သည်။

ပုံ - ၁၀

င) **ကျေးရွာမှ ထည့်ဝင်လှူဒါန်းမှု** - ဤနည်းသည် ကျေးရွာအများစုအတွက် ဝန်ထုပ်ဝန်ပိုး မဖြစ်စေဘဲ တတ်နိုင်သရွေ့ထည့်ဝင်လှူဒါန်းသောနည်း ဖြစ်သည်။ ကျေးရွာအများစုတွင် အများဆုံး အသုံးပြုနေသည့် နည်းလမ်းလည်း ဖြစ်သည်။ ကျေးရွာစီမံကိန်းလုပ်ငန်းခွဲများအတွက် ကျေးရွာလူထုမှ ပစ္စည်း သို့မဟုတ် ငွေကြေး သို့မဟုတ် လုပ်အားကို စေတနာအလျောက်ဖြစ်စေ၊ အချိုးကျဖြစ်စေ လစဉ် သို့မဟုတ် စိုက်ပျိုး သီးနှံပေါ်ချိန်တွင် တတ်အားသမျှ ထည့်ဝင်လှူဒါန်းခြင်းဖြင့် ရန်ပုံငွေ ရရှိနိုင်သည်။

## ပူးပေါင်းဆောင်ရွက်ခြင်း

လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များကို ဆောင်ရွက်ရာတွင် ကျေးရွာလူထုသည် အဓိကကျသော်လည်း အခြားသောကျေးရွာစီမံကိန်းကော်မတီများ၊ သက်ဆိုင်ရာ အစိုးရ အဖွဲ့အစည်းများ၊ စီမံကိန်းဝန်ထမ်းများနှင့်လည်း ပူးပေါင်းပါဝင် ဆောင်ရွက်ရန် လိုအပ်သည်။

(က) **ကျေးရွာလူထု** - ပိုင်ရှင်စိတ်ဓာတ်ထားရှိ၍ ပြုပြင်ထိန်းသိမ်းခြင်း၊ ငွေကြေး သို့မဟုတ် လုပ်အားလှူခြင်း၊ ကော်မတီဝင်များနှင့် အတူ ပူးပေါင်းဆောင်ရွက်ခြင်းများ ပြုလုပ်ရမည်။

(ခ) **ကော်မတီဝင်များ** - လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များ ရေးဆွဲခြင်း၊ ရန်ပုံငွေ ရှာဖွေခြင်း၊ ငွေစာရင်း ရှင်းတမ်းများ ထုတ်ပြန်ခြင်း၊ ကျေးရွာလူထုကို စည်းရုံးလှုံ့ဆော်ခြင်းများဖြင့် လည်ပတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဦးဆောင်ရန် ဖြစ်သည်။

(ဂ) **စီမံကိန်းဝန်ထမ်းများ** - လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းသည် မည်မျှအရေးကြီးကြောင်းကို ကျေးရွာလူထုနှင့်ကော်မတီဝင်များအား ချပြ ရှင်းလင်းခြင်း၊ လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အသက်ဝင်လာအောင် ကြိုးစားခြင်းနှင့် ရန်ပုံငွေ ရှာဖွေသည့်နည်းလမ်းများကို ရှင်းပြရန်နှင့် သင်တန်းပေးရန် ဖြစ်သည်။

(ဃ) **သက်ဆိုင်ရာ အစိုးရအဖွဲ့အစည်းများ** - ရပ်ရွာလူထုအားဖြင့် ဆောင်ရွက်နိုင်ခြင်း မရှိသော လုပ်ငန်းများကို ကူညီပံ့ပိုး ဆောင်ရွက်ပေးရန် ဖြစ်သည်။

ပုံ - ၁၁

# အဆောက်အဦ

လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များအနက် အဆောက်အဦနှင့် ပတ်သက်သော လည်ပတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည် အသေးစား ပြုပြင်ထိန်းသိမ်းရေးမှ အကြီးစား ပြုပြင်ထိန်းသိမ်းရေးအထိ ရှိနိုင်သည်။ နေ့စဉ် ပြုပြင် ထိန်းသိမ်းရေး လုပ်ရန်များ ရှိသကဲ့သို့ အပတ်စဉ်၊ လစဉ် သို့မဟုတ် နှစ်စဉ် ပြုပြင်ထိန်းသိမ်းရန်များလည်း ရှိသည်။ ထို့ပြင် အခါအားလျော်စွာ လိုအပ်သောပြင်/ထိန်းကိစ္စများနှင့် အရေးပေါ် ပြင်/ထိန်း ကိစ္စများလည်း ရှိသေးသည်။ အောက်ဖော်ပြပါတို့သည် အဆောက်အဦနှင့် ပတ်သက်သော ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သင့်သည့်လုပ်ငန်းများ ဖြစ်သည်။

က) အဆောက်အဦးဝန်းကျင် ပုံမှန် သန့်ရှင်းရေးလုပ်ခြင်း (နေ့စဉ် သို့မဟုတ် အပတ်စဉ်)

ခ) ရေစီးရေလာစနစ် - ရေမြောင်းများ သန့်ရှင်းခြင်း (မိုးမကျမီနှင့် မိုးရွာပြီးစအချိန်)

ဂ) ပြတင်းပေါက်၊ မျောက်မြီး၊ မျောက်လက်၊ ပတ္တာများ လဲလှယ်ခြင်း (လိုအပ်လျှင်)

ဃ) ဆေးသုတ်ခြင်း သို့မဟုတ် ရေနံချေးသုတ်ခြင်း (တစ်နှစ်တစ်ကြိမ်)

င) နံရံ၊ အမိုးနှင့် ကြမ်းခင်းများ

စ) အိမ်သာနှင့် လက်ဆေးဘေစင်များ

ဆ) လျှပ်စစ်မီး သွယ်တန်းမှု

ပုံ - ၁၂

# ကျေးလက်မီးလင်းရေး

ကျေးလက်မီးလင်းရေး စီမံကိန်းလုပ်ငန်းခွဲများတွင် နေ့စဉ် လျှပ်စစ်အသုံးပြုမှုများ ရှိနေသဖြင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို စဉ်ဆက်မပြတ် လုပ်ဆောင်နေရန် လိုသည်။ ပျက်စီးချို့ယွင်းမှ ပြုပြင်မည်ဆိုပါက ဆုံးရှုံးမှု ပိုမိုကြီးမားသွားနိုင်ပြီး မီးအခက်အခဲသာမက ဆက်စပ်လျက်ရှိသောရေနှင့်အခြားလိုအပ်ချက်များကိုပါဖြစ်ပေါ်စေနိုင်သည်။အောက်ဖော်ပြပါတို့သည် ကျေးလက်မီးလင်းရေးနှင့် ပတ်သက်သော ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းများ ဖြစ်သည်။

က) ဝါယာကြိုးများ ပေါက်ပြဲမှု ရှိ မရှိ (ပုံမှန်)

ခ) အင်ဂျင်ပိုင်း၊ စက်ပိုင်း - အင်ဂျင်ဝိုင် ပုံမှန်လဲခြင်း၊ တာဘိုင်၊ ဝင်ရိုး၊ ဒလက်များ ကျိုးပဲ့မှု ရှိမရှိ

ဂ) ဆိုလာ Panel များ သန့်ရှင်းရေး

ဃ) ရေထိန်းတံခါး၊ သံဆန်ခါ၊ ရေလှောင်ကန်၊ ခြံစည်းရိုး စသည်များ ကြံ့ခိုင်မှု

င) ဘက်ထရီအိုးများ အက်စစ် ရှိ မရှိနှင့် ဆက်စပ်ပစ္စည်းများ သန့်ရှင်းရေး

ပုံ - ၁၃

## ရေပေးဝေရေး

လူထုဗဟိုပြုစီမံကိန်း၊ စီမံကိန်းလုပ်ငန်းခွဲများ အကောင်အထည်ဖော်ရာတွင် ကျေးလက်မီးလင်းရေးလုပ်ငန်းကဲ့သို့ အရေးပါသော စီမံကိန်းလုပ်ငန်းခွဲမှာ ကျေးလက်ရေပေးရေးလုပ်ငန်းများ ဖြစ်သည်။ ရေ၏အသက် တစ်မနက်ဆိုသည့် ဆိုရိုးစကားရှိသည်နှင့်အညီ ကျေးလက်နေလူထုအတွက် ရေပေးရေးလုပ်ငန်းသည် အရေးပါသည့်အလျောက် လည်ပတ်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများသည်လည်း များစွာ ရှိပါသည်။ ထို့ပြင် လူထုကိုယ်တိုင်က ရေအရည်အသွေးအကြောင်း သိနားလည်ပြီး ရေအရည်အသွေးကို မည်သို့ထိန်းသိမ်း စောင့်ရှောက်ရန် လိုအပ်ပုံကိုပါ အသိပညာပေးရန်အထိ ဆောင်ရွက်သွားရန် လိုသည်။

အောက်ဖော်ပြပါတို့သည် ရေပေးရေးနှင့် ပတ်သက်သော ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သင့်သည့်လုပ်ငန်းများ ဖြစ်သည်။

က) ရေထွက်ရာနေရာ၊ ရေလှောင်ကန်များ၊ ရေစုကန်များ၊ ရေတွင်းများ ရေယိုမှု၊ ရေဝပ်မှု၊ သန့်ရှင်းမှု ရှိ/မရှိ။

ခ) ရေပိုက်လိုင်းတစ်လျှောက် ပိုက်ဆက်များ၊ ရေဘားများ ကောင်းမွန်မှု ရှိ/မရှိနှင့် ရေပိုက်လိုင်းများ ရေယိုမှု ရှိ/မရှိ။

ဂ) အင်ဂျင်ပိုင်း၊ စက်ပိုင်း - အင်ဂျင်ဝိုင် ပုံမှန်လဲခြင်း၊ တာဘိုင်၊ ဝင်ရိုး၊ ဒလက်များ ကျိုးပဲ့မှု ရှိ/မရှိ။

ဃ) မြေပေါ်တွင်ပေါ်နေသော ရေပိုက်များ နေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့စေရန် ဆေးသုတ်ခြင်း

င) ရေပန့်များ ကောင်းမွန်မှု ရှိ/မရှိ။

ပုံ - ၁၄

# လမ်းတံတား

လူထုဗဟိုပြုစီမံကိန်း စီမံကိန်းလုပ်ငန်းခွဲများအနက် လမ်းတံတားဆိုင်ရာ စီမံကိန်းလုပ်ငန်းခွဲများသည်လည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော လုပ်ငန်းခွဲများဖြစ်သည်။ လမ်းတံတားများကို ကျေးရွာလူထုတစ်ရပ်လုံး အမြဲအသုံးပြုနေကြရသဖြင့် ကြံ့ခိုင်မှု ရှိရန်မှာ အရေးကြီးသည်။ အောက်ဖော်ပြပါတို့သည် လမ်းတံတားနှင့် ပတ်သက်သော ပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်သင့်သည့် လုပ်ငန်းများ ဖြစ်သည်။

က) လမ်းပုခုံးများ၊ တံတားကြမ်းခင်းများ၊ တံတားထောက်တိုင်များ စစ်ဆေး ပြုပြင်ခြင်း။

ခ) ရေဝပ်နေသောလမ်းပေါက်များ၊ တံတားကြမ်းပြင် ရေဝပ်မှုများ၊ ယိုယွင်းလာသော လမ်းကြောများ ပြုပြင်ခြင်း။

ဂ) လမ်းဘေးရေမြောင်းများ သန့်ရှင်းရေးနှင့် အုတ်မြစ်အောက်ခြေများ ရေတိုက်စားမှု၊ ရေပြွန်များ စစ်ဆေး ပြုပြင်ခြင်း။

ဃ) လမ်းညွှန်ဆိုင်းဘုတ်များ၊ တံတားသံဘောင်များ၊ လက်ရမ်းများ ပြုပြင်ခြင်း၊ ဆေးသုတ်ခြင်း။

င) ချဉ်းကပ်လမ်းများနှင့် တိုက်စားမှုအကာအကွယ်များ ပြုပြင်ခြင်း။

ပုံ - ၁၅

## လုပ်ငန်းစဉ်များ

လူထုဗဟိုပြုစီမံကိန်း လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအစီအစဉ်များ ရေးဆွဲ လုပ်ဆောင်ရာ၌ ကျေးရွာလူထုတွင် အဓိကတာဝန်ရှိပါသည်။

စီမံကိန်း စတင်သည့်အချိန်မှစ၍ ပြီးစီးသည့်အချိန်အထိ CF/TF တို့က လုပ်ငန်းလည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးအတွက် ကျေးရွာလူထုနှင့်အတူ ရေးဆွဲပေးရပါမည်။

လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးစီမံချက်တွင် ပုံမှန်ပြင်ဆင်ရမည့်အရာ၊ တစ်နှစ်တစ်ခါ စစ်ဆေးရန်၊ ဖြစ်နိုင်ခြေရှိသော ပျက်စီးဆုံးရှုံးနိုင်ခြေရှိမည်ဆိုသည်တို့ကို ထည့်ရေးရပါမည်။ စီမံကိန်းမပြီးခင် လုပ်ငန်းလည်ပတ် ထိန်းသိမ်းရေးဇယားများတွင် အားလုံး ထည့်သွင်းရေးသားထားရမည်။ ထို့ပြင် စက်ဝန်း ပြီးဆုံးသည့်အချိန်တိုင်း O & M Plan အားပြန်လည်ပြုပြင်ရေးဆွဲရပါမည်။

လုပ်ငန်းလည်ပတ်ပြုပြင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ ကျေးရွာအုပ်စု စီထောက်သာမက ကျေးရွာအဆင့်ကိုပါ သင်တန်းပေးရပါမည်။

ကျေးလက်ဦးစီးဌာနစီမံကွပ်ကဲမှုအောက်တွင် မရှိသော လက်အောက်မှာ လုပ်ငန်းများကို သက်ဆိုင်ရာ အဖွဲ့အစည်းထံ လွှဲပြောင်းပေးခဲ့ရမည် ဖြစ်သည်။ (ဥပမာ - ကျောင်းဆိုလျှင် ပညာရေး၊ ဆေးရုံဆေးခန်းဆိုလျှင် ကျန်းမာရေး)

စီမံကိန်းလုပ်ငန်းခွဲများနှင့်ပတ်သက်သော နောက်ဆုံးစာရင်းချုပ်များကို ပြုစုရမည် ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲ ရှိသလောက် အားလုံးကို စာရင်းပြုစုရမည်။ စီမံကိန်းလုပ်ငန်းခွဲများ အစသတ်တော့မည်ဆိုသည်နှင့် မည်သည့်အစီအမံများ ပြုလုပ်သွားမည်ကို အစီအစဉ် ရေးဆွဲခြင်းသည် ကျေးရွာအုပ်စု၊ မြို့နယ်နှင့် တိုင်းဒေသကြီး/ပြည်နယ်တို့၏ လုပ်ငန်းစစ်ဆေးရေး အစီအစဉ်များနှင့်လည်း အချိန်ဇယားများ ကိုက်ညီရန် လိုအပ်သည်။

စီမံကိန်းလုပ်ငန်းခွဲများမှ ပိုလျှံငွေကို ကျေးရွာစီထောက်ကော်မတီနှင့် ကျေးလက်ဦးစီး၏ သဘောတူညီချက်ဖြင့် လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးရန်ပုံငွေအဖြစ် အသုံးပြုနိုင်သော်လည်း လုပ်ငန်းလည်ပတ်ထိန်းသိမ်းရေးရန်ပုံငွေ ဘဏ်စာရင်း သီးခြားဖွင့် ဆောင်ရွက်ရန် ဖြစ်သည်။ စီမံကိန်းလုပ်ငန်းခွဲဘဏ်စာရင်းကိုမူ အပြီးတိုင် ပိတ်သိမ်းရန် လိုအပ်သည်။

# ကျေးလက်လူထု အခြေပြု
# ဖွံ့ဖြိုးမှုကို တိုးမြှင့်ရေးရှု။

ပုံ - ၁၆

လူထုဗဟိုပြုစီမံကိန်း ရုံးအဖွဲ့
ရုံးအမှတ် ၃၆၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နေပြည်တော်၊
မြန်မာ။ တယ်လီဖုန်း/ဖက်စ် - +၉၅ ၆၇ ၄၁၈၆၂၄
www.cdd.drdmyanmar.org